
# သိန်းငှက်မျက်လုံး



မိုးမြင့်မောင်

# တရားသိမ်းမေတ္တာပို့

အရပ်ဆယ်မျက်နှာ၌ရှိကြသော

နတ်လူသတ္တဝါအားလုံးတို့သည်

ဘေးရန်ရောဂါ ကင်းစင်ကွာ၍

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ။



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး - ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး - ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး - ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊
- အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး၊
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး၊
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

## လူမှုရေးဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
- အမျိုးဂုဏ်ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| စာမူခွင့်ပြုချက် | - ၃၅၅/၂၀၀၄(၅) |
| မျက်နှာဖုံးခွင့်ပြုချက် | - ၄၈၅/၂၀၀၄(၆) |
| မျက်နှာဖုံးစိတ်ကူး/ဒီဇိုင်း | - မိုးမြင့်မောင်(ဆရာဝီလျံ) |
| မျက်နှာဖုံးဖလင် | - STARS (၃၃ လမ်း) |
| မျက်နှာဖုံးနှင့် အတွင်းပုံနှိပ် | - ဦးသိန်းထွန်း (၀၄၈၂၂) သိန်းထွန်းအော့ဖ်ဆက် အမှတ်(၅၀/၅၂)၊ ဒဂုံသိရိလမ်း ကျောက်မြောင်းကြီးရပ်ကွက် တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - ဒေါ်မိုးကေခိုင် (ချိုတေးသံစာပေတိုက်) ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ ၃ |
| အုပ်ရေ | - ၁၀၀၀ |
| တန်ဖိုး | - 1000 |
| ဖြန့်ချိရေး | - အမှတ် ၄၂၊ ရှမ်းကုန်းလမ်း၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း ၅၀၀၂၆၃ |

# မာတိကာ


- ✪ နှစ်မျိုးမြင်ပုံဆန်းများ ၁
- ✪ အဝိုင်းနဲ့လေးထောင့် ၂၃
- ✪ သတိ......မျက်စိလည်မယ် ၃၇
- ✪ မျဉ်းတွေ မျဉ်းတွေ ၄၉
- ✪ ဝှက်ထားသော ပုံများ ၅၇
- ✪ ဇောက်ထိုးမိုးမျှော် ပုံဆန်းများ ၆၄
- ✪ လက်တွေ့ကဏ္ဍ ၇၁
- ✪ ဝှက်ထားသော စာတန်းများ ၈၁
- ✪ နှစ်ပေါင်းတစ်ရာကျော်တုန်းက သိန်းငှက်မျက်လုံးများ ၉၂
- ✪ အော်....ဒါလား ၁၀၃
- ✪ မဖြစ်နိုင်ဘူး ၁၁၃
- ✪ ထူးဆန်းသော ပန်းချီကားများ ၁၂၅
- ✪ သုံးဘက်မြင် 3 D ရုပ်ကြွပုံဆန်းများ ၁၃၅


အထူး
လက်ဆောင်

**သက်ဝင်လှုပ်ရှားနေသော လူတစ်ဦး**

**ဓမ္မတ္တာလက်ဆောင်ပါဝင်သည်။**

[စာမျက်နှာ (၇၁)ကို ကြည့်ပါ။]

# အမှာစကား

သိန်းငှက်သည်မျက်စိအလွန်ရှင်သော ငှက်တစ်မျိုးဖြစ်သည်။ ၎င်း၏မျက်လုံးများသည် သားကောင်ကို အလွန်ဝေးသောနေရာကပင် လျှပ်တစ်ပြက်မြင်နိုင်စွမ်းရှိသည်။ ယခုဖော်ပြထားသော ပုံများသည် ထိုသိန်းငှက်မျက်လုံးများကဲ့သို့ မျက်စိရှင်သူများအတွက် ဖြစ်ပါသည်။ သာမန်စာဖတ်ပရိသတ်များလည်း အကြိုက်တွေ့မည်ကို ယုံကြည်ပါသည်။

မြန်မာနိုင်ငံတွင်တစ်ခါဘူးမျှ မပေါ်ခဲ့သေးသည့် ဤသိန်းငှက်မျက်လုံးစာအုပ် ထုတ်ဝေရခြင်း၏ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံရှိ ကျောင်းသူ ကျောင်းသားများ၊ လူငယ်လူရွယ်များ မျက်စိပိုမိုရှင်သန်လာစေရန်နှင့် ဗဟုသုတတိုးပွားစေရန်ဖြစ်ပါသည်။ **"သိန်းငှက်မျက်လုံး ဒုတိယတွဲ"**ကိုလည်း ဆက်လက်ကြိုးပမ်းလျက်ရှိပါသည်။

အားပေးသောစာဖတ်ပရိသတ်အပေါင်း ထာဝရပျော်ရွှင်မှုခံစားကြပါစေ။

**မိုးမြင့်မောင်**
**(အယ်ဒီတာချုပ်)**
**Top English မဂ္ဂဇင်း**

# ကြည့်ပုံကြည့်နည်းအညွှန်း

## ၁။ ရှေ့မျက်နှာဖုံးကြည့်နည်း

စာအုပ်၏ ရှေ့မျက်နှာဖုံးအလည်မှ သိန်းငှက်ကို စူးစိုက်ကြည့်ရင်း စာအုပ်ကို ရှေ့တိုးနောက်ဆုတ်လုပ်ကြည့်ပါ။ စက်ဝိုင်းများ သက်ဝင်လှုပ်ရှားလာပြီး လည်ပတ်နေသည်ကို အံ့သြစွာ တွေ့မြင်ရပါမည်။

## ၂။ သက်ဝင်လှုပ်ရှားနေသောလူတစ်ဦး [စာမျက်နှာ(၇၁)မှ (၁၂၅)အထိ]

"မ"ဂဏန်းပါစာမျက်နှာများ၏ အပေါ်ယာဘက်ထိပ်ကို လက်မဖြင့်ဖိပြီး စာမျက်နှာတိုင်းကို လျင်မြန်စွာလှုပ်ရှားလိုက်ပါ။ လူတစ်ဦးသက်ဝင်လှုပ်ရှားလာသည်ကို အံ့သြစွာတွေ့မြင်ရပါမည်။

## ၃။ သုံးဘက်မြင် 3 D ရုပ်ကြွပုံဆန်းများ [စာမျက်နှာ(၁၃၅)မှ (၁၄၄)အထိ]

ပုံတစ်ပုံစီ၏အထက်၌ရှိသော အမည်းစက်နှစ်စက်ကို သုံးစက်ဖြစ်အောင် သင်၏မျက်စိများကို ချွေပြီးကြည့်ပါ။ ထူးဆန်းသောရုပ်ပုံများ စာမျက်နှာအပြင်သို့ ကြွတက်လာသည်ကို ထူးဆန်းစွာမြင်ရပါမည်။

# သိန်းငှက်မျက်လုံး




မိုးမြင့်မောင်

# နှစ်မျိုးမြင် ပုံဆန်းများ



# ထူးဆန်းသောဆင်




ပုံထဲက ဆင်မှာ ခြေဘယ်နှချောင်းရှိပါသလဲ။ လေးချောင်းလို့ ရမ်းမပြောပါနဲ့။ အသေအချာ ပြန်ရေတွက်ကြည့်ပါဦး။

# ဘာမြင်သလဲ



လေတူရိယာတီးမှုတ်နေသူအပြင် လုပ်ျိုဖြူတစ်ဦးရဲ့မျက်နှာကိုလည်း မြင်နိုင်ပါတယ်။
(အမျိုးသားရဲ့ပါးစပ်ဟာ အမျိုးသမီးရဲ့ ယာဘက်မျက်လုံးဖြစ်တယ်။)

# ယုန်လား ဝမ်းဘဲလား



ဝဲဘက်ကို မျက်နှာမူနေတဲ့ဝမ်းဘဲကို မြင်နိုင်သလို ယာဘက်ကို ကြည့်နေတဲ့ ယုန်တစ်ကောင်ကိုလည်း မြင်နိုင်ပါတယ်။
(ဝမ်းဘဲရဲ့နှုတ်သီးဟာ ယုန်ရဲ့နားရွက်တွေဖြစ်တယ်။)


# အက်ိစကီးမိုးလား လူရိုင်းလား



ဝဲဘက်သို့ မျက်နှာမူနေတဲ့ လူရိုင်းခေါင်းကို မြင်နိုင်သလို ယာဘက်ကို လှည့်နေတဲ့ အက်ိစကီးမိုးလူငယ်ကိုလည်း မြင်နိုင်တယ်။

(လူရိုင်းရဲ့နှဖူးဟာ လူငယ်ကလေးရဲ့ဦးခေါင်းနောက်ပိုင်းဖြစ်တယ်။)

# ဘာရေးထားသလဲ



ပုံကို ရုတ်တရက်ကြည့်လိုက်ရင် ဘာမှမပေါ်ပေမယ့် နှစ်ခါသုံးခါ ပြန်ကြည့်ရင် LIFT ဆိုတဲ့စာလုံးကိုမြင်ရမှာပါ။ မမြင်သေးရင် ပုံရဲ့အပေါ်နဲ့အောက်ကို မျဉ်းတစ်ကြောင်းစီနဲ့ပိတ်လိုက်ပါ။

## ဖခင်လား ကလေးချီထားတဲ့မိခင်လား



ဝဲဘက်ကို မျက်နှာမူနေတဲ့ဖခင်တစ်ဦးရဲ့ပုံကို အထင်အရှားမြင်နိုင်ပါတယ်။ ကလေးပွေ့ချီထားတဲ့မိခင်ကိုရောမြင်ပါသလား။ (ဖခင်ကြီးရဲ့နှာခေါင်းဟာ မိခင်ရဲ့ဆံပင်ဖြစ်ပြီး ဖခင်ကြီးရဲ့နားရွက်ဟာ ကလေးငယ်ရဲ့မျက်နှာဖြစ်ပါတယ်။)

# ဘာအစက်တွေလဲ



သေသေချာချာကြည့်ပါဦး။ အစက်အပြောက်တွေချည်းမဟုတ်ပါဘူး။
မြေကြီးကို အနံ့ခံနေတဲ့ခွေးတစ်ကောင်ကိုမြင်ရမယ်။
(ပုံရဲ့အလည်တည့်တည့်ကို ကြည့်ပါ။)

# ယုန်ကလေးလား လူရိုင်းခေါင်းလား




နားရွက်နှစ်ဘက်ထောင်နေတဲ့ယုန်ငယ်ကလေးကိုမြင်တယ်မဟုတ်လား။ နောက်ထပ်တစ်ခေါက်ပြန်ကြည့်လိုက်ပါဦး။ လူနီလူရိုင်းတစ်ယောက်ရဲ့ ဦးခေါင်းကိုလည်းမြင်ရပါဦးမယ်။
(ယာဘက်ကို မျက်နှာမူနေလိမ့်မယ်။)

## ဘယ်လိုလူကြီးလဲ



မုသားပြောတဲ့လူရဲ့မျက်နှာကိုမြင်ပါသလား။ သေသေချာချာကြည့်ရင် 'LIAR' (မုသားပြောသူ)ဆိုတဲ့စာလုံးကိုမြင်ရမယ်။

# ရှေးဟောင်းအရက်ခွက်



တယ်လှတဲ့ရှေးဟောင်းအရက်ခွက်ပါလား။ အသေအချာကြည့်ရင် မျက်နှာချင်းဆိုင်နေတဲ့ အမျိုးသားကြီးနှစ်ယောက်ရဲ့မျက်နှာကို မြင်ရမယ်။

# ကမ္ဘာကျော်ပုဂ္ဂိုလ်ကိုမြင်သလား



ပထမဆုံး  အမေရိကန်သမ္မတချုပ်(ဂျ်)–ဝါရှင်တန် (George Washington)ပုံကို  သစ်ပင်ပင်စည်နှစ်ခုကြားမှာမြင်နိုင်ပါတယ်။

# နှစ်ကိုယ့်တစ်မျက်နှာ



ဂရိနိုင်ငံကလူငယ်နှစ်ဦးပွေ့ဖက်နေပုံဖြစ်ပါတယ်။ တစ်ဦးကဝဲဘက်ကို မျက်နှာမူပြီး နောက်တစ်ဦးက ယာဘက်ကိုမျက်နှာမူနေပေမယ့် မျက်နှာတစ်ခုတည်းသာဖြစ်နေပါတယ်။

မျက်နှာတစ်ခုလား နှစ်ခုလား



ရှေ့တည့်တည့်ကြည့်နေတဲ့မျက်နှာတစ်ခုတည်းလား။ ဖယောင်းတိုင်ကို အလယ်မှာထားပြီး မျက်နှာချင်းဆိုင်နေတဲ့ မျက်နှာနှစ်ခုလား။

# အဖွားအိုလား သမီးပျိုလား



အဖွားအိုတစ်ယောက်ရဲ့ပုံကို မြင်ရသလို၊ သမီးပျိုလေးတစ်ဦးရဲ့ ပုံကိုလည်း မြင်နိုင်ပါတယ်။
(အဖွားအိုရဲ့မျက်လုံးဟာ သမီးပျိုရဲ့နားရွက်ဖြစ်နေမယ်။)

# အဘိုးကြီးလား အဘွားကြီးလား သမီးပျိုလား



လူသုံးယောက်ပေါင်းထားတဲ့ပုံဖြစ်တယ်။ ဝဲဘက်ကိုမျက်နှာမူနေတဲ့ အဘွားကြီးပုံရယ်၊ ဝဲဘက်ကိုပဲမျက်နှာမူနေတဲ့သမီးပျိုပုံ (အဘွားကြီးရဲ့ နှာခေါင်းဟာ သမီးပျိုရဲ့မေးစေ့ဖြစ်ပါတယ်)ရယ်၊ ယာဘက်ကိုမျက်နှာ မူနေတဲ့ နှုတ်ခမ်းမွေးနဲ့အဘိုးကြီးပုံဖြစ်ပါတယ်။

# လူကြီးလား အိမ်ကြွက်ကလေးလား




အမြီးရှည်ရှည်နဲ့ကြွက်ကိုတော့ အထင်အရှားမြင်ကြတယ်မဟုတ်လား။
မျက်မှန်တပ်ထားတဲ့လူကြီးကိုရော မြင်သလား။
(ကြွက်ရဲ့နားရွက်က မျက်မှန်ဖြစ်ပြီး ကြွက်ရဲ့ဦးခေါင်းဟာ လူကြီးရဲ့
နှာခေါင်းဖြစ်ပါတယ်။)

# ကြောင်နက်တစ်ကောင်




ယာဘက်သို့ လက်ညှိုးညွှန်နေတဲ့လက်ကြီးတစ်ခုကို မြင်နိုင်တယ်။ စာအုပ်ကို နာရီလက်တံအတိုင်း ၉၀လှည့်ကြည့်ရင် ကြောင်နက်တစ်ကောင်ကိုမြင်ရမယ်။

# ဘဲပေါက်စလား ယုန်ငယ်လား



ဘဲပေါက်စကလေးကိုမြင်ရသလို၊ ယုန်ငယ်တစ်ကောင်ကိုလည်း
မြင်နိုင်ပါတယ်။ (ဘဲပေါက်စရဲ့ပါးစပ်ဟာ ယုန်ငယ်ရဲ့နားရွက်ပါ။)

## ဖျံငယ်ကလေးလား မြည်းခေါင်းလား



ဝဲဘက်ကိုမျက်နှာမူနေတဲ့ ဖျံငယ်ကလေးရယ် မြည်းရဲ့ဦးခေါင်းကို မြင်ရလိမ့်မယ်။ (ဖျံရဲ့မျက်နှာဟာ မြည်းရဲ့ပါးစပ်ဖြစ်တယ်။)

# ရှဉ့်ငယ်လေးလား ဝမ်းဘဲလား



နှုတ်သီးလေးအောက်စိုက်ထားတဲ့ ဝမ်းဘဲတစ်ကောင်ကိုမြင်နိုင်သလို ယာဘက်ကိုမျက်နှာမူနေတဲ့ ရှဉ့်ငယ်တစ်ကောင်ကိုလည်းမြင်နိုင်ပါတယ်။

# ပင်လယ်ဖျံလား ဝက်ဝံလား




ဖျံနက်ကလေးလား ဝင်ရိုးစွန်းဝက်ဝံဖြူကလေးလား။ သေသေချာချာ ကြည့်ရင် နှစ်ကောင်စလုံးကိုမြင်ရမှာပါ။

# အဝိုင်းနဲ့ လေးထောင့်




# လည်နေသောစက်ဝိုင်းများ



စာအုပ်ကို စက်ဝိုင်းပုံလှည့်ပေးရုံနဲ့ ပုံထဲကစက်ဝိုင်းဟာ သက်ဝင်လှုပ်ရှားပြီး လည်နေတာမြင်ရမယ်။

# လည်နေသော ချွေးသွားစိတ်များ




စာအုပ်ကို နာရီလက်တံအတိုင်းလှည့်ပေးရင် အလည်စက်ဝိုင်း လည်နေတာမြင်ရုံမက၊ ချွေးသွားစိတ်တွေ ဆန့်ကျင်ဘက်လားရာ အတိုင်း လည်နေတာမြင်ရမယ်။

# ခရုပတ်ခွေတစ်ခုလား




ခရုပတ်စက်ဝိုင်းတစ်ခုမဟုတ်ဘဲ၊ သီးခြားစက်ဝိုင်းတွေဖြစ်တယ်။

## ဖောင်းကြွနေတဲ့ စက်ဝိုင်းလား




အလယ်မှာဖောင်းကြွနေတဲ့စက်ဝိုင်းလို့ပဲ မြင်မှာပဲ။ သေတာသုံး ကြည့်ပါ။ မျဉ်းဖြောင့်တွေချည်းပါပဲ။

# လည်ပတ်နေတဲ့ စက်ဝိုင်းကလေးတွေ




ပုံရဲ့အလည်ဗဟိုအကျဆုံးနေရာကို စူးစိုက်ကြည့်ပြီး စာအုပ်ကို မျက်လုံးဆီသို့ ဖြည်းဖြည်းချင်းဆွဲယူလာပါ။ စက်ဝိုင်းတွေ ဆန့်ကျင်ဘက်လားရာအတိုင်း လည်ပတ်နေတာတွေ့ရမယ်။

# ခုမြင်ခုပျောက် အစက်ကလေးတွေ




မျဉ်းတွေစုံတဲ့နေရာနားက အဖြူရောင်အစက်ကလေးတွေကို ရေကြည့်ပါလား။ မလွယ်ပါဘူး။ မြင်လိုက်တာနဲ့ပျောက်သွားတာကိုး။

# ပုံသဏ္ဌာန်မမှန်တဲ့စတုရန်း




စက်ဝိုင်းတွေပေါ်မှာ ရေးဆွဲထားတဲ့စတုရန်းရဲ့အနားတစ်ဘက်စီဟာ အတွင်းဘက်ကို နည်းနည်းချိုင့်ဝင်နေတယ်လို့ မထင်ရဘူးလား။ တကယ်တော့ အနားလေးဘက်စလုံး မျဉ်းဖြောင့်တွေချည်းပါပဲ။

# ဖြတ်သွားတဲ့စက်ဝိုင်းတွေလား




တစ်ခုပေါ်တစ်ခုဖြတ်သွားနေတဲ့စက်ဝိုင်းတွေလို့ ထင်ရပေမယ့် စက်ဝိုင်းတွေအားလုံး တစ်ခုနဲ့တစ်ခုထိတွေ့ခြင်းမရှိပါ။

# ပြေးနေသောမျဉ်းများ




အနက်ကွက်တွေနဲ့ အဖြူကွက်တွေကြားမှာ မီးခိုးရောင်မျဉ်းတွေ ပြေးနေတာမြင်ရမယ်။ တကယ်မရှိတဲ့မျဉ်းတွေပေါ့။

# လှုပ်ရှားနေတဲ့အကွက်ကလေး




စာအုပ်ကို ရှေ့နောက်၊ ဝဲယာ၊ အပေါ်အောက် နည်းနည်းကစား လိုက်ရင် ပုံထဲက လေးထောင့်ကွက်ကလေး ရွေ့လျားလာပါ လိမ့်မယ်။

## များလိုက်တဲ့ခရုပတ်ခွေတွေပါလား




ခရုပတ်စက်ဝိုင်းကြီးတယ်လှပါလားလို့ ထင်မိမယ်။ တကယ်တော့ ခရုပတ်ခွေတစ်ခုမှမဟုတ်ပါဘူး။ သီးခြားစက်ဝိုင်းတွေချည်းပါပဲ။

# ပေါ်လိုက်ပျောက်လိုက်အစက်တွေ



အလျားလိုက်နဲ့ဒေါင်လိုက် မျဉ်းနှစ်ခုစုံတဲ့နေရာတွေမှာ မီးခိုးရောင် အစက်တွေ ဘယ်ကပေါ်လာသလဲ။ ဘယ်ကမှမပေါ်လာဘူး။ စက္ခုသွေဖွယ်မှုတစ်ရပ်ပါပဲ။

# ဝိုင်းစက်နေတဲ့စက်ဝိုင်းတွေပါ




ပုံထဲက စက်ဝိုင်းနှစ်ခုဟာ ဝိုင်းစက်မနေဘဲ ပုံသဏ္ဍာန်နည်းနည်းလေး ပျက်နေတယ်လို့ ထင်ရပေမယ့် အမှန်တော့ ဝိုင်းစက်နေတဲ့ စက်ဝိုင်းတွေချည်းပါပဲ။

# သတိ...မျက်စိလည်မယ်




# ကုဗတုံးခြောက်ခုလား ခုနစ်ခုလား




သေသေချာချာစူးစိုက်ကြည့်ရင် ကုဗတုံးခြောက်ခုဟာ ခုနစ်ခုဖြစ်သွားတာ အံ့ဩစွာမြင်ရမယ်။

# ဝဲဘက်မျက်နှာမူသလား ယာဘက်လား




ဝဲဘက်သို့မျက်နှာမူနေတဲ့ကုဗတုံးနှစ်ခုဟာ ကြည့်ရင်းကြည့်ရင်း ယာဘက်ကို မျက်နှာမူနေတာတွေ့ရမယ်။

# ဘယ်ဟာပိုမြင့်သလဲ




ဒီပုံနဲ့ ယာဘက်ကပုံတို့ကို ယှဉ်ကြည့်ပါ။ဘယ်ဟာက
ပိုမြင့်သလဲ။ အဆောက်အဦးလား၊ အခန်းထောင့်လား။




ဆဝိဝိပု့။

# ဘယ်စတုဂံ ပိုမြင့်သလဲ




ပုံရဲ့အပေါ်ဆုံးမှာရှိတဲ့ အနက်ရောင်စတုဂံနဲ့ အောက်ဆုံးမှာရှိတဲ့ အနက်ရောင်စတုဂံ ဘယ်ဟာက ပိုပြီးမြင့်သလဲ။

# ပိုရှည်တဲ့မျဉ်းကို ရွေးပါ





ဂိတ်ဝကနေ ထွက်လာတဲ့ AC မျဉ်းနဲ့ AB မျဉ်း ဘယ်မျဉ်းပိုရှည်မယ် ထင်သလဲ။ ဘယ်မျဉ်းမှ ပိုမရှည်ပါဘူး။ အတူတူပါပဲ။

# ထူးဆန်းသောငါးကလေးများ




ဦးခေါင်းကျယ်ပြီး ခန္ဓာကိုယ်ကျဉ်းတဲ့ ငါးကလေးတွေကို မြင်ရမှာပါ။ တကယ်တော့ ဦးခေါင်းနဲ့ ခန္ဓာကိုယ်အရွယ်အစားအတူတူပါပဲ။

# စောင်းနေကြသော မြွေများ




ပုံထဲက မြွေတွေ ရေပြင်ညီအတိုင်းတန်းမနေဘဲ အပေါ်အောက် နည်းနည်းစောင်းနေတယ်လို့ထင်ရမယ်။ အမှန်တော့ အတည့်တွေ ချည်းပါပဲ။ (စာအုပ်ကိုလျှပ်ကြည့်ပါ။)

# အရပ်မြင့်ဆုံးက ဘယ်သူလဲ




ဒီလူသုံးယောက်ထဲက ဘယ်သူအရပ်အမြင့်ဆုံးလဲ။ အပေါ်ဆုံးကလူလို့ ပြောရင်မှားမယ်။ ပေတံနဲ့တိုင်းကြည့်ပါ။

# တွန့်(မ)နေသော မျဉ်းများ



လိုင်းတွန့်ပုံစံမြင်ရပေမယ့် စာအုပ်ကိုလှျပ်ကြည့်ရင် မျဉ်းတွေအားလုံး တစ်ဖြောင့်တည်းဖြစ်နေတာမြင်ရမယ်။

# ဘယ်သူပြိုင်လို့ ကျယ်ပါတော့နိုင်



ဘယ်ဖားရဲ့ပါးစပ်ဟာ ပိုကျယ်ပါသလဲ။ ဝဲဘက်ကဖားလား။ ယာဘက်ကဖားလား။

# မျဉ်းတွေ ... မျဉ်းတွေ




# ဘယ်ဒေါင်လိုက်မျဉ်းကပိုရှည်သလဲ



( က ) ( ခ )

ပုံ(က)နဲ့(ခ)မှာရှိတဲ့ မျဉ်းရှည်နှစ်ကြောင်းမှာ ဘယ်မျဉ်းဟာ ပိုရှည်သလဲ။ ပေတံနဲ့တိုင်းကြည့်ပါ။

## ကွေးနေသောမျဉ်းနှစ်ကြောင်း




အမည်းစက်ရဲ့ အပေါ်နဲ့အောက်ကမျဉ်းတွေဟာ နည်းနည်းကွေး
နေတာမြင်ရမယ်။ တကယ်တော့ မျဉ်းဖြောင့်တွေချည်းပါပဲ။

# ကွေးနေသော ကုလားမခြေထောက်




လူပြက်ရပ်နေသော မျဉ်းရှည်တွေဟာ အတွင်းကို ကွေးဝင်သလား၊
အပြင်ကို ကားထွက်နေသလား။
(စာအုပ်ကိုလှုပ်ကြည့်ရင် အဖြေပေါ်မှာပါ။)

# ယိုင်နေသောမျဉ်းများ



ဒေါင်လိုက်မျဉ်းတွေယိမ်းယိုင်နေပါလားလို့ မထင်မိဘူးလား။ မယိုင်ပါဘူး။ အတည့်တွေချည်းပါပဲ။

# ဖြိုင်နေတဲ့မျဉ်းစောင်းတွေ




ဒီမျဉ်းတွေစောင်းနေတာမြင်ရမယ်။ အမှန်တော့ ဒီမျဉ်းတွေ မစောင်းပါဘူး။ မျဉ်းဖြိုင်တွေချည်းပါပဲ။

## ဆန့်ကျင်နေတဲ့ မျဉ်းစောင်းတွေလား



အပေါ်စက်ဝိုင်းထဲက မျဉ်းတွေဟာ ဝဲဘက်ကိုစောင်းနေပြီး အောက်ဘက်စက်ဝိုင်းထဲကမျဉ်းတွေဟာ ယာဘက်စောင်းမနေဘူးလား။ စောင်းမနေပါဘူး။ ၉၀ ထောင့်မှန်တွေချည်းပါပဲ။

## ဘယ်မျဉ်းနဲ့ တစ်တန်းတည်းလဲ




မျဉ်း C ဟာ မျဉ်း A နဲ့တစ်တန်းတည်းလား မျဉ်း B နဲ့ တစ်တန်းတည်းလား။ (A နဲ့ တစ်တန်းတည်းဆိုရင် မှားပါတယ်။)

# ဝှက်ထားသောပုံများ



# ပြင်သစ်စစ်သူကြီး နပိုလီယံ



ရုတ်တရက်ကြည့်လိုက်ရင်တော့ ဘာပုံမှမမြင်ရပေမယ့် မျက်လုံး တစ်ဘက်ပိတ်ပြီး စာအုပ်ကို အောက်ကနေ လျှပ်ကြည့်လိုက်ရင် ပြင်သစ်စစ်သူကြီးနပိုလီယံရဲ့ပုံကို မြင်ရမယ်။


## ပျောက်နေသောကြယ်



ဤပိတ်စတွင် ငါးထောင့်ကြယ်တစ်လုံးဝှက်ထားသည်။
ရှာကြည့်ပါ။


(အဖြေ။ ပိတ်စရဲ့အောက် ဝဲဘက်ခြမ်းမှာ မြင်နိုင်ပါတယ်။)

# ပျောက်ဆုံးနေတဲ့ဒိန်ခဲအပိုင်းကလေး



ဒိန်ခဲဝိုင်းကြီးထဲမှာ အပိုင်းငယ်တစ်ခုလွတ်နေတယ်။ အဲဒီ နေရာလွတ်ကို စက္ကန့်အနည်းငယ်စိုက်ကြည့်ရင် ဒိန်ခဲလေးပြန်ပေါ်လာလိမ့်မယ်။ စာအုပ်ကို ဓောက်ထိုးလှန်ကြည့်ရင်လည်း မြင်ရမယ်။

# ဂြိုလ်တုကပေးပို့တဲ့ မြေပုံလား




ဒီပုံကို အမှတ်တမဲ့ကြည့်လိုက်ရင် ဂြိုလ်တုကနေ ရိုက်ကူးပေးပို့တဲ့ မြေပုံလိုလို မြင်ရမယ်။ တကယ်တော့ ကျွန်ုပ်တို့နဲ့အလွန်နီးစပ်တဲ့ သတ္တဝါတစ်ကောင်ရဲ့ပုံပါ။ အဖြေကို နောက်မှာကြည့်ပါ။

## ဖြိုလ်တုကလေးပို့တဲ့မြေပုံ မဟုတ်ပါဘူး



ဒီပုံဟာ နွားပေါက်စတစ်ကောင်ရဲ့ပုံဖြစ်ပါတယ်။ မျဉ်းဖျော့ရဲ့ အတွင်းပိုင်းကို ကြည့်ပါ။

## နှင်းထဲကမြင်း




အမှတ်တမဲ့တော့ ဘာမှမြင်မှာမဟုတ်ဘူး။ သေသေချာချာကြည့်ရင် နှင်းတောထဲမှာ မြင်းသုံးကောင်မြင်ရမယ်။

ဖောက်ထိုးမိုးမျှော်

ပုံဆန်းများ



# မိုနာလီဇာရှုံးမယ့်အပြုံးပိုင်ရှင်




အမေပြောတဲ့အမောပြေဆိုတာ ဒီမျက်နှာကလေးဆိုရင် မှားသွားမယ်။
ပုံကို ဇောက်ထိုးလှန်ကြည့်ပြီး “ဟိုက်!”လို့ ရေရွတ်မိမှာပါ။

# မျက်နှာပေါက်ဆိုးတဲ့ကျောင်းအုပ်ကြီး



မျက်နှာပေါက်ဆိုးတဲ့ကျောင်းအုပ်ကြီးကို မျက်နှာချိုတဲ့ ရဲသား အဖြစ်ပြောင်းချင်ရင် စာအုပ်ကို ဇောက်ထိုးလှန်လိုက်ပါ။


# ငါးဖမ်းသူရဲ့ကြမ္မာဆိုး



ဒီပုံကိုကြည့်ရင် လှေထဲက လူတစ်ယောက် ငါးတစ်ကောင်ဖမ်းနေတာ မြင်ရမယ်။ စာအုပ်ကို ဇောက်ထိုးလှန်ပြီးကြည့်ရင် ငါးဖမ်းသူကို ငှက်ကြီးတစ်ကောင်က ပြန်ဖမ်းတာကိုမြင်ရမယ်။


# ဘယ်ပုံက ဆွဲဆောင်မှုပိုရှိသလဲ

A



ပုံ A နဲ့ B မှာ ဘယ်ပုံက ပိုပြီးဆွဲဆောင်မှုရှိသလဲ။ ရွေးပြီးရင် စာအုပ်ကို ဇောက်ထိုးလှန်ကြည့်ပါ။ အထင်နဲ့အမြင် လွဲကုန်ပြီ မဟုတ်လား။

B



## ပညာသားပါတဲ့ ဝီစကီကြော်ငြာ




Grant's Scotch ဝီစကီကြော်ငြာပါ။ ပုံထဲကလို စိတ်မရွှင်မပြ ဖြစ်နေရင် Grant's Scotch ဝီစကီကို သောက်လိုက်ပါ။ (စာအုပ်ကိုဇောက်ထိုးလှန်လိုက်ပါ။) ဒီလိုဒီလို ပျော်သွားစေရမယ်တဲ့။

# လက်တွေ့ကဏ္ဍ




# ခါးပြတ်နေတဲ့သမီးပျိုကလေး




စာအုပ်ကို စာရှသူအနား ဖြည်းဖြည်းချင်းယူလာရင် ခါးပြတ်နေတဲ့ သမီးပျိုကလေး အကောင်းပကတိ ခါးဆက်ပြီးသားဖြစ်သွားလိမ့်မယ်။

# ထူးဆန်းသောအစက်ကလေး



မီးခိုးရောင်ဝိုင်းရံထားတဲ့အမည်းစက်ကလေးကို (၁၀)စက္ကန့်လောက် မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်နေပါ။ ဝိုင်းရံထားတဲ့မီးခိုးရောင်တွေ လုံးဝပျောက်သွားလိမ့်မယ်။

# တကယ်လင်းထိန်လာတဲ့ မီးလုံးဆန်းကလေး



မီးလုံးရဲ့အလယ်မှာရှိတဲ့ နန်းမျှင်ကလေးကို မျက်တောင်မခတ်ဘဲ စက္ကန့်(၃၀)လောက် စိုက်ကြည့်ပြီး ယာဘက်ကစာမျက်နှာအလွတ်ကို လှမ်းကြည့်လိုက်ပါ။ မီးထိန်ထိန်လင်းနေတဲ့မီးလုံးကိုမြင်ရမယ်။

# တစ်နေရာစီကြည့်နေကြသော မျက်နှာများ



စာမျက်နှာ(၇၆)နဲ့(၇၇)ထဲက လူတွေတစ်ယောက်တစ်နေရာကြည့်နေသလား။ မဟုတ်ပါ။ တစ်နေရာတည်းကို ကြည့်နေကြတာပါ။




မယုံရင် သူတို့ရဲ့ နှာခေါင်းနဲ့ပါးစပ်တွေကိုအုပ်ပြီး မျက်လုံးတွေပဲ ဖော်ထားကြည့်ပါ။

# ထူးခြားတဲ့မျက်နှာ




လူငယ်ကလေးရဲ့နှာခေါင်းထိပ်က အစက်လေးစက်ကို မျက်တောင်မခတ်ဘဲ စူးစိုက်ကြည့်ရင်း “တစ်”ကနေ“လေးဆယ်”အထိ ရေပါ။ ပြီးရင် အဖြူရောင် နောက်ခံတစ်ခုကို လှမ်းကြည့်ပါ။ လူငယ်ကလေးရဲ့ ထူးခြားတဲ့ မျက်နှာပုံကိုမြင်ရမယ်။

# ပျောက်သွားသောလင်းနို့



ဝဲဘက်မျက်လုံးကိုပိတ်ပြီး ယာဘက်မျက်လုံးနဲ့ အမည်းစက်ကို စူးစိုက်ကြည့်ရင်း စာအုပ်ကို မျက်နှာဘက်ကို ဆွဲယူလာရင် လင်းနို့ ပျောက်သွားမယ်။

# လေထဲမျောနေတဲ့ ဝက်အူချောင်းကလေး



သင့်ရဲ့လက်ညှိုးနှစ်ချောင်းကို ပုံထဲကအတိုင်း ခပ်ခွာခွာကလေးထားပြီး ကြည့်ပါ။ လက်ညှိုးနှစ်ခုကြားမှာ ဝက်အူချောင်းကလေး လေထဲမျော နေတာမြင်ရမယ်။

# ဝှက်ထားသောစာတမ်းများ




# ဒီတိရစ္ဆာန် ဘာပြောနေပါလိမ့်




ၡင်းရဲ့မျဉ်းအကြားတွေမှာ ဖတ်နိုင်ပါတယ်။ စာအုပ်ကိုလှျပ်ကြည့်ပါ။

(အဖြေ။ "I am a zebra.")

## စကားပုံနှစ်ခု



လူသိများတဲ့စကားပုံနှစ်ခုကို ရှာလို့တွေ့လား။
စာအုပ်ကို လှျပ်ကြည့်ပါ။


[အဖြေ။ He who hesitates is lost.
Look before you leap.]

## စာလုံးနဲ့ဝါကျ




ဒီပုံမှာ လူတိုင်းသိတဲ့စာလုံးနဲ့ ဝါကျတစ်ကြောင်းရေးထားတယ်။ ဖတ်မရရင် စာအုပ်ကိုလျှပ်ကြည့်ပါ။ **AIM** (ရည်မှန်းချက်)နဲ့ **YOU ARE SMART** (သင်တော်သည်)တို့ကို တွေ့ရမယ်။

## ဒီအတုံးတွေက ဘာတွေတုန်း



မျက်စိလည်အောင် ပုံကိုဒေါင်လိုက်ပြောင်းထားတာပါ။ ဘေးတိုက်ပြန်ကြည့်ပါ။ **HALF** (တစ်ဝက်)ဆိုတဲ့ စာလုံးကို တစ်ဝက်ပိုင်းထားတာ တွေ့ရမယ်။

# ဒီပုံမှာရော ဘာရေးထားလဲ



သေသေချာချာကြည့်ရင် နှုတ်ခွန်းဆက်စကားတစ်လုံးရေးထားတာ ဖြစ်တယ်။ မမြင်ရင် စာအုပ်ကိုအလျားလိုက်လျှပ်ကြည့်ပါ။ **HELLO** ဆိုတဲ့စာလုံးမြင်ရမယ်။

## ဘာရေးထားတုန်း



ဂျပန်စာတတ်တဲ့သူကတော့ **"တိုကျို" (TOKYO)** လို့ဖတ်မှာသေချာတယ်။ ဂျပန်စာမတတ်လည်း တိုကျို **(TOKYO)**လို့ ရေးထားတာမြင်မှာပါ။ စာအုပ်ကို ဘေးတိုက်ကိုင်ပြီး ဖတ်ကြည့်ပါ။ အင်္ဂလိပ်လို **TOKYO** လို့ ရေးထားတာမြင်ရမယ်။

## ဘာဖတ်မိသလဲ




ပုံမှန်အတိုင်းဖတ်ရင် **SPINACH** (ဟင်းနုနွယ်)ကို တွေ့ရမယ်။ စာအုပ်ကို ဇောက်ထိုးလှန်ဖတ်ရင် **TURNIPS**(မုန်လာဥ)လို့ မြင်ရမယ်။

## နိုင်ငံနာမည်ဘာလဲ




တရုတ်စာတန်းနဲ့တူပေမယ့် တရုတ်လိုရေးထားတာမဟုတ်ပါဘူး။ စာအုပ်ကို ဘေးတိုက်ကိုင်ကြည့်ရင် **ENGLAND** လို့ ရေးထားတာ မြင်ရမယ်။

## တရုတ်စကားတတ်ဖို့မလိုပါ



တရုတ်နိုင်ငံကို တရုတ်လိုရေးထားတာဖြစ်တယ်။ ဖတ်တတ်လား။ မဖတ်တတ်ရင် စာအုပ်ကို ဘေးတိုက်ကိုင်ပြီး ဖတ်ပါ။ မြင်ပြီလား။ **CHINA** ဆိုတာလေ။

# ဘာမျဉ်းတွေလဲ




ဖြောင့်လိုက်ကောက်လိုက်နဲ့ ပုံဖော်မရနိုင်အောင်ရှုပ်နေတဲ့မျဉ်းတွေလား။ မဟုတ်ပါဘူး။ အင်္ဂလိပ်အက္ခရာ **'E'** ဖြစ်ပါတယ်။ စာအုပ်ကို ဘေးတိုက်ကိုင်ကြည့်ပါ။

# နှစ်ပေါင်းတစ်ရာကျော်က သိန်းငှက်မျက်လုံးများ



ဒီကဏ္ဍကတော့ အလွန့်အလွန်ထူးခြားတဲ့ကဏ္ဍပါပဲ။ (၁၈၈၀)ပြည့်နှစ်လောက်က ရေးဆွဲထားတဲ့ ရှားရှားပါးပါး "သိန်းငှက်မျက်လုံး" ပန်းချီပုံတွေဖြစ်တယ်။

# ဘယ်သူတွေ ဒီခွက်ထဲကအရက်ကို သောက်နေကြတာလဲ




ဒီခွက်ထဲကအရက်ကို ဘယ်သူတွေသောက်နေတာလဲ။
မသိရင် နောက်ကစာမျက်နှာကိုကြည့်ပါ။

ဒီလူနှစ်ယောက် ဘာလုပ်နေကြတာလဲ။




# မြည်းပိုင်ရှင် ရှာပေးပါ




သစ်ရွက်ဝါးနေတဲ့မြည်းရဲ့ ပိုင်ရှင်ကို ရှာလို့တွေ့လား။
နောက်စာမျက်နှာမှာ ဖော်ပြထားတယ်။

မြည်းကုန်းနှီးမှာ ပိုင်ရှင်ရဲ့မျက်နှာကို မြင်ရမှာပါ။



[စာအုပ်ကို ဘေးတိုက်ကိုင်ကြည့်ပါ။]

## အချစ်ကလေး ... မင်းဘယ်မှာလဲ




ချစ်သူပျောက်နေတဲ့သူကို ချစ်သူပြန်တွေ့အောင် ကူရှာပေးပါ။

## တွေ့ပြီ ... တွေ့ပြီ။



ယာဘက်လက်မောင်းအောက်မှာ တွေ့နိုင်ပါတယ်။

# ဘယ်ပြေးပုန်းနေကြလဲ



ဒီပင်လယ်ဓါးပြရဲ့ရန်ကနေ ပုန်းနေတဲ့ လူလေးဦးကိုရှာပေးပါ။
မတွေ့ရင် နောက်စာမျက်နှာကိုကြည့်ပါ။

ယာဘက်မှာသုံးယောက်၊ လက်ကောက်ဝတ်မှာတစ်ယောက်မြင်ရမယ်။



# ဒီအမျိုးသမီးရဲ့ချစ်သူ တွေ့မိလား



ကလေးငယ်နဲ့စကားပြောနေတဲ့အမျိုးသမီးရဲ့ ချစ်သူကိုရှာပေးပါ။
မတွေ့ရင် နောက်စာမျက်နှာမှာဖော်ပြထားပါတယ်။




အမျိုးသမီးရဲ့ ဂါဝန်ကိုကြည့်ပါ။

# "အော် . . ဒါလား"




## ဝါးချမ်းပေါ်တင်ထားတဲ့
## ဌာပနာမုန့်တွေလား




နှင်းလျှောစီးသမားတစ်ယောက် ပျောက်နေတဲ့စကိတ်တစ်ဘက်ကို နှင်းတောထဲမှာ လိုက်ရှာနေတာပါ။

# X Y Z မျဉ်းသုံးကြောင်းလား




အခန်းထောင့်မှာ ကိုယ်ပျောက်လူငယ်ကလေးရပ်နေတာဖြစ်တယ်။
အစက်ကလေးကတော့ သူ့မျက်စိထဲကပ်နေတဲ့ အမှိုက်ပါ။

## ကျွဲရဲ့ဦးချိုလား




ဘီးဟောင်းတစ်လက်ပုံဖြစ်ပါတယ်။

ရေချမ်းအိုးစင်နဲ့




မုဆိုးတစ်ဦး သူ့ခွေးငယ်ကလေးနဲ့အမဲလိုက်ပြီး အိမ်ပြန်လာပုံ။

# လမ်းပေါ်က ဗွက်အိုင်တွေလား




သစ်ကုလားအုပ်တစ်ကောင်ရဲ့လည်ပင်းကို အနီးကပ်မြင်ရပုံပါ။

## နတ်(nut)ဝက်အူခေါင်းနဲ့တူလိုက်တာ



ခဲတံရဲ့ထိပ်ကို ရှေ့တည့်တည့်က မြင်ရပုံဖြစ်တယ်။

## ဂေါက်ရိုက်ကွင်းထဲက အလံတိုင်လား




လူဝကြီးတစ်ယောက် မှောက်ယှက်ပေါ်လှဲပြီး ဆေးတံခဲနေပုံဖြစ်တယ်။

# သာမန်တုတ်ချောင်းတစ်ချောင်းလား



ထောင်ထားတဲ့ပို့စကဒ်တစ်စောင်ကို ဘေးတိုက်မြင်ရပုံဖြစ်တယ်။

## အသားကင် အချောင်းကလေးတွေလား




ဝက်ဝံပေါက်စသစ်ပင်တွယ်တက်နေတာကို တစ်ဘက်က မြင်ရပုံဖြစ်တယ်။

# မဖြစ်နိုင်သော ပစ္စည်းများ



# မဖြစ်နိုင်သော ကွင်းငယ်ကလေး




ဒီကွင်းငယ်မျိုးပြုလုပ်နိုင်ပါသလား။ လုံးဝမဖြစ်နိုင်ပါဘူး။

## ရှေးဟောင်းမုခ်ဦး




ဒီလိုမုခ်ဦးမျိုး တည်ဆောက်နိုင်တဲ့ဗိသုကာ မပေါ်သေးပါ။

# ဟိုလိုလို ဒီလိုလို ကုဗတုံး




အမြင်မှာသာဖြစ်နိုင်ပေမယ့် အပြင်မှာမဖြစ်နိုင်တဲ့ ကုဗတုံးကလေးပါ။

# လုံးဝလုံးဝ မတပ်ဆင်နိုင်သော ဝက်အူများ



အဖြုတ်အတပ် မည်မျှပင်ကျွမ်းနေပါစေ၊ ပုံပါ ဝက်အူများကိုတော့ တပ်နိုင်မည်မဟုတ်ပါ။

# မဖြစ်နိုင်သော ခက်ရင်းခွ




အချွန်နှစ်ခုလိုလို၊ သုံးခုလိုလိုပါနေတဲ့ခက်ရင်းခွကို သုံးကြည့်ပါလား။
မျက်စိလည်သွားပါလိမ့်မယ်။

# မဖြစ်နိုင်သော ဂရိတိုင်လုံးကြီးများ




ဒီတိုင်လုံးကြီးမျိုး ရှေးဟောင်းဂရိဗိသုကာတွေမပြောနဲ့ ခေတ်မီ ဗိသုကာတွေတောင် မတည်ဆောက်နိုင်သေးပါဘူး။

# မဖြစ်နိုင်သောတြိဂံ




လက်နဲ့ဆွဲရင် ဖြစ်နိုင်ပေမယ့် လက်တွေ့တည်ဆောက်လို့မရတဲ့ တြိဂံကလေးပါ။

# ကျွားကွက်အပေါ်မှာလား အောက်မှာလား




ကျွားကွက်ပေါ်ရပ်ပြီး သန့်ရှင်းရေးလုပ်နေတာလား။ ကျွားကွက်ပေါ်တက်ပြီး သန့်ရှင်းရေးလုပ်မလို့လား။

# ထူးဆန်းသောမုခ်ဦး




မဖြစ်နိုင်တဲ့မုခ်ဦးတစ်ခုကို လူတွေတအံ့တသြကြည့်နေကြပုံပါ။

# လသာဆောင်ကလေး



အာရုံစိုက်ကြည့်လေ၊ ဒီလသာဆောင်ကလေးဟာ မဖြစ်နိုင်လေကို မြင်ရမယ်။

# ဒီလိုခုံမျိုးရှိပါသလား



သူတို့ ဘယ်မှာထိုင်နေကြတာလဲ။ ပုံထဲက အမျှာနှစ်ဦးဟာ မဖြစ်နိုင်တဲ့လှေကားထစ်တွေမှာ ထိုင်နေကြတာပါ။

# ထူးဆန်းသော ပန်းချီကားများ



## နီးလျက်နဲ့ဝေးနေတဲ့ လူဦးခေါင်းခွံ




ကွယ်လွန်သူကို မေတ္တာပို့နေသောမြင်းစီးခရီးသည်ပုံဖြစ်သည်။ လူဦးခေါင်းခွံကိုရောမြင်ပါသလား။ စာအုပ်ကို သုံးပေခန့် အကွာကကြည့်ရင် မြင်နိုင်ပါလိမ့်မယ်။

# ပင်လယ်ဓားပြနှင့် လူဦးခေါင်းခွံ



ပေါင်ပေါ်မှာ ကြောင်နက်တစ်ကောင်တင်ထားတဲ့ ပင်လယ်ဓားပြ
ခေါင်းဆောင်ပုံကိုမြင်ရမယ်။ စာအုပ်ကို ခပ်လှမ်းလှမ်းက ထောင်
ကြည့်ရင် ဘေးတိုက်ပုံလူဦးခေါင်းခွံတစ်ခုကို မြင်ရမယ်။

## မျက်နှာများတဲ့ မြင်းစီးသူရဲကောင်း



ပုံထဲမှာ မြင်းစီးသူရဲကောင်းရဲ့ပုံကို မြင်ရမယ်။ စေ့စေ့စပ်စပ်ကြည့်ရင် သူကိုယ်တိုင်အဖိုးအိုတစ်ယောက်ရဲ့မျက်နှာဖြစ်နေပြီး၊ သူ့ဝန်းကျင်မှာ အခြားမျက်နှာတွေအများကြီးတွေ့ရဦးမယ်။

## ကမ္ဘာကျော်ဖနီးမောင်နှံကိုမြင်သလား



ဝဲဘက်အပေါ်ပိုင်းသစ်ရွက်မှာ **ဂျိုစဖင်း(Josephine)**နဲ့ ယာဘက်မှာ သူမရဲ့ခင်ပွန်းဖြစ်တဲ့ ပြင်သစ်စစ်သူကြီး **နပိုလီယံ (Napoleon)** ကိုမြင်ရမယ်။ သူတို့နှစ်ဦးအကြား အောက်ဘက်နားမှာ သူတို့သားငယ်ရဲ့ မျက်နှာကိုပါမြင်ရမယ်။

## မြင်းစီးချင်းထိုးနေသူလား၊ လူငယ်လေးလား



လူငယ်တစ်ဦးရဲ့မျက်နှာကို မြင်နိုင်သလို၊ မီးမှုတ်နဂါးကို လှံတံရှည်နဲ့ တိုက်ခိုက်နေတဲ့ သူရဲကောင်းတစ်ဦးကိုလည်း မြင်ရပါမယ်။

# ပုန်းနေသော ဝံပုလွေများ




တောတောင်ထဲမှာအူနေတဲ့ ဝံပုလွေတစ်ကောင်ကို မြင်ရမယ်။ အသေအချာပြန်ကြည့်ပါဦး။ ဝံပုလွေတစ်ကောင်မက လေးကောင်မြင့်ရမယ်။

# ဦးခေါင်းခွံ



လူရဲ့ဦးခေါင်းခွံကို မြင်ရမှာပါ။ ဒါပေမယ့် စားသောက်ဆိုင်ထဲမှာ စားသောက်နေတဲ့ စုံတွဲနဲ့ ပုံဖော်ထားတာကို အံ့သြစွာမြင်ရမှာပါ။

# အဘိုးအိုတစ်ယောက်တည်းမဟုတ်ပါ



ရင်ဘတ်ပေါ်လက်တင်ထားတဲ့အဖိုးအိုမျက်နှာကို မြင်ရပေမယ့် တကယ်တော့ လူသွားစကြီပေါ်မှာရပ်နေတဲ့ အဘိုးအိုရယ်၊ ကလေးငယ်ကိုပွေ့ချီထားတဲ့ မိခင်တစ်ယောက်ပါ။ အခြား မျက်နှာတွေလည်း ရှိပါသေးတယ်။ ရှာကြည့်ပါလား။

## ဆာတန်နတ်ဆိုးမဟုတ်ပါ




ကြောက်မက်ဖွယ်နတ်ဆိုးလို့ထင်ရပေမယ့် စကားလက်စုံပြောနေတဲ့ အမျိုးသမီးနှစ်ဦးပုံပါ။

# သုံးဘက်မြင်
# ရုပ်ကြွပုံဆန်းများ




## ပိနန်မြို့ရှိ စကြာမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ပုံတော်

• •





Alles
Gute!

## ဒီလိုထူးခြားတဲ့မွေးနေ့ကဒ် ပေးကြည့်ပါလား




(**HAPPY BIRTHDAY** စာတန်း ရေးထားတာဖြစ်တယ်။)

• •



## RED COW ဆိုတာ ဒါပါပဲ


• •



**DAVID BECKHAM နဲ့**


**RONALDO များလေလား**

• •



စကော့တလန်နိုင်ငံမှ နာမည်ကြီး
LOCH NESS ရေသတ္တဝါဆန်း





# ဂျပန်စာတွေထဲက ကြောင်ငယ်ကလေး

• •

